## (၂-၄-၂၀၂၁)မှ (၈-၄-၂၀၂၁) အထိ သကြားပြည်တွင်း ဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ သုံးသပ်တင်ပြခြင်း

၁။ ယခုတစ်ပတ်အတွင်း ကမ္ဘာ့သကြားဈေးနှုန်းများအနေဖြင့် International Sugar Organization (ISO) ၏ website ဖြစ်သော www.isosugar.org တွင် ဖော်ပြချက်များအရ နေ့စဉ် ဖြစ်ပေါ်နေသည့် ကမ္ဘာ့သကြားဈေးနှုန်းများကို လေ့လာတွေ့ရှိရပါသည်။ အဆိုပါ website တွင် ဖော်ပြချက်များအရ သကြားဖြူ (White Sugar) တစ်တန်လျှင် (၁-၃-၂၀၂၁) ရက်နေ့တွင် အမေရိကန်ဒေါ်လာ (၄၅၀.၇၅) ဒေါ်လာ ပေါက်ဈေးရှိခဲ့ရာမှ အတက်အကျ အပြောင်းအလဲများ ဆက်လက်ဖြစ်ပေါ်လျက်ရှိပြီး (၆-၄-၂၀၂၁) ရက်နေ့တွင် သကြားဖြူ (White Sugar) တစ်တန်လျှင် အမေရိကန်ဒေါ်လာ (၄၂၆.၈၀) ဒေါ်လာ ဖြစ်ပေါ်ခဲ့သည်ကို အောက်ပါအတိုင်း တွေ့ရှိရပါသည်-

| Date | ISA Daily Price | 15 Day Average | White Sugar Price Index | |
|---|---|---|---|---|
| 6-Apr-21 | 15.04 cts/lb | 15.20 cts/lb | 426.80 $/T | 19.36 cts/lb |
| 1-Apr-21 | 14.72 cts/lb | 15.33 cts/lb | 421.05 $/T | 19.10 cts/lb |
| 30-Mar-21 | 14.87 cts/lb | 15.47 cts/lb | 427.00 $/T | 19.37 cts/lb |
| 29-Mar-21 | 14.86 cts/lb | 15.52 cts/lb | 427.90 $/T | 19.41 cts/lb |
| 26-Mar-21 | 15.06 cts/lb | 15.58 cts/lb | 432.85 $/T | 19.65 cts/lb |
| 25-Mar-21 | 14.99 cts/lb | 15.64 cts/lb | 434.15 $/T | 19.69 cts/lb |
| 24-Mar-21 | 15.45 cts/lb | 15.70 cts/lb | 444.30 $/T | 20.15 cts/lb |
| 23-Mar-21 | 15.25 cts/lb | 15.72 cts/lb | 436.00 $/T | 19.78 cts/lb |
| 22-Mar-21 | 15.36 cts/lb | 15.76 cts/lb | 443.05 $/T | 20.10 cts/lb |
| 19-Mar-21 | 15.54 cts/lb | 15.79 cts/lb | 446.80 $/T | 20.27 cts/lb |
| 18-Mar-21 | 15.65 cts/lb | 15.87 cts/lb | 449.10 $/T | 20.37 cts/lb |
| 17-Mar-21 | 15.74 cts/lb | 15.95 cts/lb | 451.35 $/T | 20.47 cts/lb |
| 16-Mar-21 | 15.98 cts/lb | 16.06 cts/lb | 455.80 $/T | 20.67 cts/lb |
| 15-Mar-21 | 15.83 cts/lb | 16.14 cts/lb | 452.40 $/T | 20.52 cts/lb |
| 12-Mar-21 | 15.83 cts/lb | 16.26 cts/lb | 453.05 $/T | 20.55 cts/lb |
| 11-Mar-21 | 16.00 cts/lb | 16.34 cts/lb | 456.65 $/T | 20.71 cts/lb |
| 10-Mar-21 | 15.64 cts/lb | 16.38 cts/lb | 446.75 $/T | 20.26 cts/lb |
| 9-Mar-21 | 15.55 cts/lb | 16.42 cts/lb | 445.95 $/T | 20.23 cts/lb |
| 8-Mar-21 | 15.83 cts/lb | 16.45 cts/lb | 452.30 $/T | 20.52 cts/lb |
| 5-Mar-21 | 15.97 cts/lb | 16.45 cts/lb | 455.65 $/T | 20.67 cts/lb |
| 4-Mar-21 | 15.83 cts/lb | 16.43 cts/lb | 453.80 $/T | 20.58 cts/lb |
| 3-Mar-21 | 15.74 cts/lb | 16.44 cts/lb | 450.50 $/T | 20.43 cts/lb |
| 2-Mar-21 | 15.96 cts/lb | 16.45 cts/lb | 457.75 $/T | 20.76 cts/lb |
| 1-Mar-21 | 15.82 cts/lb | 16.44 cts/lb | 450.75 $/T | 20.45 cts/lb |

၂။ ၂၀၂၁ ခုနှစ်၊ ဧပြီလ ပထမပတ်တွင် တရုတ်နိုင်ငံ၌ ဖြစ်ပေါ်ခဲ့သော သကြား ဈေးနှုန်းမှာ (၁) တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ (၈၃၆) ဒေါ်လာဖြစ်ပေါ်ခဲ့ပြီး၊ အမေရိကန်နိုင်ငံတွင် (၁) တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ (၂၉၄) ဒေါ်လာ၊ ပါကစ္စတန်နိုင်ငံတွင် (၁) တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ (၆၀၂-၆၃၅) ဒေါ်လာ၊ အိန္ဒိယနိုင်ငံတွင် (၁) တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ (၄၃၉-၅၃၂) ဒေါ်လာ ဖြစ်ပေါ်ခဲ့ပြီး ယခင်အပတ်နှင့် နှိုင်းယှဉ်ပါက ပါကစ္စတန်နှင့် အမေရိကန်နိုင်ငံတို့တွင် သကြားဈေးနှုန်းမှာ အနည်းငယ် မြင့်တက်ခဲ့ပြီး တရုတ်နှင့် အိန္ဒိယနိုင်ငံတို့တွင် သကြားဈေးနှုန်းများ ကျဆင်းခဲ့သည်ကို လေ့လာတွေ့ရှိ ရပါသည်။

၃။ ၂၀၂၁ ခုနှစ်၊ ဧပြီလ မထမပတ်တွင် မြန်မာ-တရုတ် နယ်စပ် မူဆယ်ဒေသ၌ သကြား (၁) တန်လျှင် ပျမ်းမျှဈေးမှာ အမေရိကန်ဒေါ်လာ (၃၂၉) ဒေါ်လာရှိပြီး တရုတ်နိုင်ငံတွင် သကြား (၁) တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ (၈၃၆) ဒေါ်လာ ပေါက်ဈေးရှိသောကြောင့် (၁) တန်ပေါ်တွင် အမေရိကန်ဒေါ်လာ (၅၀၇) ဒေါ်လာ ဈေးနှုန်း ကွာဟချက် ရှိပါသည်။ မြန်မာ-ထိုင်း နယ်စပ်၊ မြဝတီမြို့တွင် သကြား (၁) တန်လျှင် အမေရိကန်ဒေါ်လာ (၅၀၃) ဝန်းကျင်ရှိပြီး ထိုင်းနိုင်ငံ၊ မဲဆောက်မြို့၌ (၁) တန်လျှင် အမေရိကန်ဒေါ်လာ (၅၂၇) ဝန်းကျင်ခန့် ရှိကြောင်း လေ့လာ သိရှိရပါသည်။

၄။ ထို့အပြင် ရက်သတ္တပတ်အတွင်း တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော သကြားပေါက်ဈေးများကို လေ့လာရာတွင် ဟားခါးမြို့တွင် သကြား ၁ ပိဿာလျှင် (၁၉၀၀) ကျပ်နှင့် ရန်ကုန်မြို့တွင် သကြား ၁ ပိဿာလျှင် (၁၈၀၀) ကျပ်ဖြင့် အမြင့်ဆုံး ဖြစ်ပေါ်နေပြီး ထားဝယ်မြို့တွင် သကြား ၁ ပိဿာလျှင် (၁၁၀၀) ကျပ်ဖြင့် အနည်းဆုံး ဖြစ်ပေါ်နေကြောင်း တွေ့ရှိရပါသည်။

၅။ Trading Economics Website တွင် ဖော်ပြချက်အရ ၂၀၂၁ ခုနှစ်၊ ဧပြီလ ပထမပတ်တွင် ကမ္ဘာ့သကြား ဈေးနှုန်းများသည် ယခင်အပတ်နှင့် နှိုင်းယှဉ်လျှင် ၂.၅၁ % ဈေးနှုန်း မြင့်တက်ခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။